ဇီးဖြူကုန်းကျေးရွာ

ဖီလေးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဇီးဖြူကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဇီးဖြူကုန်း ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၈
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၈
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၉
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၉
(ခ) သဘာဝအရင်းအမြစ်များ	၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၀
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၁
(င) ကျန်းမာရေးနှင့် အာဟာရ	၁၁
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၂
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၂
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၂
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၄
(ဃ) ရွှေပြောင်းလုပ်သားများ	၁၄
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၄
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၄
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၅
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၅
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	၁၅
(ည) လူငယ်နှင့် ယဉ်ကျေးမှု	၁၆
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	၁၆

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၆
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၉
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၁၉
(ဂ) ဦးစားပေး စီမံချက်များ ၂၀
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၂
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၄
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၄
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၄
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၅
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၅
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၅
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၆
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၇
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၇

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၇၃
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၇၆
ရည်ညွှန်းချက်များ ၇၇
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကယ္ဆာအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကယ္ဆာ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၈
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဇီးဖြူကုန်းကျေးရွာ
ဖီလေးကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ဇီးဖြူကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ဇီးဖြူကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ - ဇီးဖြူကုန်းကျေးရွာ၊ ဖီလေးကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပုံအပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဇီးဖြူကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့ဘက်တွင်တည်ရှိပါသည်။

ဝန်းသိုမြို့မှ(၂၃)မိုင်ကွာဝေးပြီး: ကျေးရွာ၏အရှေ့ဘက်နှင့် မြောက်ဘက်တွင် စိမ်းစိုသောသဘာဝသစ်တောကြီးများ၊ အစိုးရကျွန်းစိုက်ခင်းများ၊ အနောက်ဘက်နှင့်တောင်ဘက်တွင် လယ်ကွင်းများရှိပြီး ရွာချောင်းမှာကွေ့ဝိုက်စီးဆင်းနေသဖြင့် ရေပတ်လည်ဝန်းရံထားပါသည်။ ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းသို့(၂)မိုင်ခန့် ကွာဝေးပါသည်။ နမ်းခမ်းတိုက်နယ်သို့(၇)မိုင်ကျော်ကွာဝေးပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ကျေးရွာအနီးဝန်းကျင်တွင် ရေနုံ၊ ကျောက်မျက်စသည်တို့ထွက်ရှိခြင်းမရှိဘဲ ရွာချောင်းမှဆောက်လုပ်ရေးသဲကောင်းများရရှိနိုင်သည်မှာကျေးရွာ၏အားသာချက်ဖြစ်သည်။ နွားစာအတန်အသင့်ပေါများပြီး ဆေးဖက်ဝင်အပင်များကိုအထူးတလည်ရှာဖွေကြခြင်းမရှိပါ။ ကျယ်ပြန့်သောကျွန်းသစ်တောကြီးများနှင့် နီးနီးကပ်ကပ်တည်ရှိနေသော ကျေးရွာဖြစ်ပါသည်။ ဝါးအမျိုးမျိုးပေါက်ရောက်လည်းပေါက်ရောက်ကြပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ဇီးဖြူကုန်းကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စုပေါင်း(၁၀၂)အိမ်ထောင်စု ရှိပါသည်။ တစ်နှစ်အောက်နို့စို့အရွယ် ကျား(၄)၊ မ(၂)၊ ပေါင်း(၆)ရှိပါသည်။ (၅)နှစ်အောက် ကလေးငယ်ကျား(၁၂)၊ မ(၂၂)၊ စုစုပေါင်း(၃၃)ယောက်ရှိပါသည်။ (၅)နှစ်မှ(၉)နှစ်အရွယ် ကျား(၁၅)၊ မ(၁၅)၊ မ(၁၅)ရှိပါသည်။ (၁၅)နှစ်မှ(၆၄)နှစ်အရွယ် ကျား(၁၆၄)၊ မ(၁၆၁)ရှိပါ သည်။ (၆၅)နှစ်အထက်အရွယ်မှာ ကျား(၁၁)၊ မ(၁၈)ရှိပါသည်။ စုစုပေါင်းဦးရေမှာ ကျား(၂၂၅)၊ မ(၂၄၂)ယောက်ရှိပြီး ကျေးရွာလူဦးရေမှာ (၄၆၇)ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာ၏ အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စု(၁၀၂)အိမ်ရှိသည့်အနက်မှာ စားနပ်ရိက္ခာဖူလုံမှုမရှိသည့်အိမ်ထောင်စု မှာ (၃)အိမ်ရှိပါသည်။ အခြားအိမ်ထောင်စုများမှာ ဝမ်းစာဖူလုံကြပါသည်။ ဝမ်းစာဖူလုံမှု အတွက်အခြားအစားထိုးလုပ်ကိုင်သူ အိမ်ထောင်စု(၅) အိမ်ထောင်စုလောက်ရှိပါသည်။ ကျားနှင့်မ လုပ်အားခနှုန်းမှာ တစ်ရက်(၄၀၀၀)နှုန်းသပ်မှတ်ထားပါသည်။ ကျားမ ဈေးနှုန်းခွဲခြားထားခြင်း မရှိပါ။ လုပ်ငန်းမှာသစ်ဝါးခုတ်လုပ်ငန်းမှအပအခြားဝင်ငွေလုပ်ငန်းများမရှိပါ။

ကျေးရွာတွင်လယ်မြေ(၃၃၄.၀၈)ဧကရှိပြီးအချို့မှာ အချို့မှာ (ပုံစံ-၇)မရရှိကြပါ။ ယာမြေ၊ တောင်ယာမြေ၊ ဥယျာဉ်ခြံမြေရှိပေမယ့်လည်း အနည်းငယ်စီရှိကြပါသည်။ မြေများ၏ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။

ကျေးရွာနေသူများမှာ လယ်ယာမြေများအလုံအလောက်ပိုင်ဆိုင်ကြပြီး စီးပွားရေးပြေလည်သော အိမ်ထောင်စု (၃၈)စု၊ အသင့်အတင့်(၃၄)စု၊ ဝင်ငွေနည်းသော အိမ်ထောင်စု(၂၄)စုနှင့် ဝင်ငွေနည်းပါးဆုံးအိမ်ထောင်စု(၅)စုရှိပါသည်။ ဆိုင်ကယ်၊ ဖုန်း၊ Sky Net စေသာ လူသုံးပစ္စည်းများသုံးစွဲနိုင်ကြသော်လည်း အကျယ်တဝင်လုပ်ကိုင်နိုင်လောက်သည်အထိကြွယ်ဝချမ်းသာသူများမရှိကြပါ ။ တောသဘာဝ အတိုင်းရိုးသားစွာနေထိုင် လျှက်ရှိကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၀၂)အိမ် ရှိပြီး အချို့မှာစားနပ်ရိက္ခာမဖူလုံကြပါ။ (၆၅)နှစ်အထက်သက်ကြီးရွယ်အိုများသည် သက်ဆိုင်ရာ မိသားစုများနှင့် အေးချမ်းစွာနေထိုင်ကြပါသည်။ ရေကြီးခြင်းမကြာခဏဖြစ်လာတတ် သော်လည်း အန္တရာယ်မရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင် စသောပြဿနာများမရှိပါ။ ပဋိပက္ခလည်းလုံးဝကင်းရှင်းပါသည်။ လမ်းပန်းဆက် သွယ်ရေး မှာကောင်းမွန်ခြင်းမရှိပါ ။ နွေရာသီတွင် ဖုန်မွှမ်းခံရသည်။ လူကုန်ကူးမှုမရှိပါ။

ကျေးရွာရှိလူငယ်များမှာ အလွန်ရိုးသားပြီး ဘိန်း၊ ဖိုးကင်းရှင်း ကြပါသည်။ လယ်ယာချိန်မှလွဲ၍ ဝင်ငွေရလမ်းမရှိသလောက်ဖြစ်ရာငွေသုံးစွဲနိုင်ခြင်းမရှိသူများသည်။ နိုင်ငံရေးပဋိပက္ခများ လုံးဝမရှိ သောကျေးရွာဖြစ်သည်။ ဘဝဝန်းစာအတွက်ရပ်ဝေး သွားရောက်ကာရွှေရှာသူနည်းသည်။ ကျွန်းသစ် ထွက်ရှိရာအရပ်ဖြစ်သောကြောင့် လူသိများသောရွာတစ်ရွာဖြစ်သည်။ သို့သော်တံတားမရှိသေးသည့် အချက်ကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အားလုံးမျှော်လင့်လျှက်ရှိသည်မှာလည်း အစိုးရမှနေတာဝန်ယူ အကုန်အကျခံကာ တံတားတစ်စင်းတည်ဆောက်ပေးရန်ဖြစ်သည်။ မိုးတွင်းရေကြီးလျှင်ပြင်ပသို့လုံးဝ ထွက်လမ်းမရှိပါ။ ဘောကျွတ်များနှင့်အန္တရာယ်ကြီးစွာ ကူးခတ်သွားလာနေကြရပါသည်။ တံတားမရှိ သေးသ၍အစစနောက်ကျနေဦးမည့်ကျေးရွာတစ်ရွာဖြစ်ပါ သည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ ကျေးရွာတွင် မူလတန်းလွန်ကျောင်းတစ်ကျောင်း ရှိသည်။ စာမတတ်သူကျား(၂)ဦး၊ မ(၁)ဦးစာရင်းကောက် ယူရထားပြီးမူလတန်းအဆင့်ကျား (၁၅၀)၊ မ(၂၁၀)ဦး၊ အလယ်တန်းအဆင့် ကျား(၄၈)၊ မ(၅၄)၊ အထက်တန်းအဆင့်ကျား(၃)ဦး၊ မ(၁)ဦး၊ တက္ကသိုလ်အဆင့်ကျား(၄)ဦး၊ မ(၂)ဦးရှိသည်။ လက်ရှိမူလတန်း(၁၁)ဦး၊ မ(၁၇)ဦး၊ အထက်တန်းတက်ရောက်သူ ကျား(၁)ဦး၊ တက္ကသိုလ်တက်ရောက်သူကျား(၄)ဦး၊ မ(၂)ဦးရှိပါ သည်။

ကျောင်းသို့ခြေလျင်တက် ရောက်နိုင်ပြီး အမိုး၊ နံရံ၊ အခင်းစသည်ကျောင်းအဆောက်အဦးအားကာလ အတန်ကြာကပင်စတင်ဆောက်လုပ်ခဲ့ကြပြီး ယနေ့တိုင်မပြီးသေးပါ။ ကျောင်းအိမ်သာအခြေ အနေကောင်းမွန်သင့်တင့်မှုရှိသည်။ ဆရာအင်အား ထွေသား(၁)ဦး၊ ဆရာမ(၄)ဦး၊ ပေါင်းအစိုးရခန့်(၅)ဦးရှိရာ မလုံလောက်သဖြင့် သင်ကြားရေးတွင်များစွာအခက်အခဲရှိနေပါ သည်။ ကျောင်းသားအများစုမှာ (၇)တန်းအောင်လျှင်ထွက်ကြသူများပါသည်။ ကျောင်းနေလျှင် ငွေကုန်ကျ များပါသည်။ အလုပ်အကိုင်လည်း မရှိသလောက်ရှားပြီး ရှိတဲ့အလုပ်၏လစာမှာ ကွမ်းယာ၊ ဆေးလိပ်ဖိုးလောက်ပဲရှိသည်ဟုမိဘများလက်ခံကြသည့်အတွက် မက်လုံးမမြင်၍ကျောင်းမထား ကြပါ။ မိဘဆရာအသင်း၏အခန်းကဏ္ဍမှာ ရံဖန်ရံခါအသက်ဝင်တတ်ပြီး လုပ်ငန်းချိန်တွင်မူတွေ့ဆုံ စည်းဝေးနိုင် ခြင်းသိမ်မရှိလှပါ။

(င) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာသည် ရောဂါထူပြောသော ကျေးရွာမဟုတ်ပါ။ ရံဖန်ရံခါအအေးမိ၍ ဖျားခြင်းစသော သာမန်ဖြစ်ရိုးဖြစ်စဉ်များကိုသာ တွေ့ရတတ်သည်။ ငှက်ဖျားဖြစ်နိုင်ခြေရှိ သော်လည်းဖြစ်ပွားသူမရှိသေးပါ။ ကိုယ်လက်လှုပ်ရှား

ဝမ်းစာရှာနေရသည်ကပင်ကျေးရွာသူ၊ ကျေးရွာသားများအားကျန်းမာသန်စွမ်းစေပါသည်။ အာဟာရ ချို့တဲ့မှုလည်းမရှိပါ။ ကူးစက်ရောဂါများလည်းလုံးဝမရှိပါ။ အနီးဆုံးအချိန်ကာလတစ်ခုက ကာကွယ်ဆေးထိုးနှံခဲ့သည်မှာ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးဖြစ်သည်။ ကိုယ်ဝန်ဆောင် မိခင်များအားလိုအပ်သောကာ ကွယ်ဆေးများထိုးနှံပေးသော ကျေးလက်သားဖွားဆရာမရှိပါသည်။ အာဟာရပညာပေးအစီအစဉ်ဟူ၍ကာမရှိပါ။

နေမကောင်းဖြစ်လျှင်ရွာထဲရှိစေတနာဝန်ထမ်း(၁)ဦးထံမှလည်းဆေးကုသမှုခံယူကြသည်။ ကုသလာ ခဲ့သည့်နှစ်မှာလည်း(၁၀) နှစ်ကျော်လာခဲ့ပြီဖြစ်ရာ အားလုံးကယုံကြည်အားကိုးနေကြပါပြီ။ တိုက်နယ်ဆေးရုံအနေဖြင့် (၇)မိုင်ဝေးအကွာတွင် နမ်းခမ်းဆေးရုံရှိပါသည်။ မြို့နယ်ဆေးရုံမှာ ဝန်းသိုပြည်သူ့ဆေးရုံကြီးဖြစ်ပြီး မိုင်(၄၀)ကျော်လောက်ဝေးပါသည်။

ယင်လုံအိမ်သာကိုတစ်ရွာလုံးနီးပါးသုံးစွဲကြပါသည်။ အိမ်သာမ ရှိသည့်မိသားစုမရှိပါ။ သန့်ရှင်းမှုမှာ အားနည်းလျှက်ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာတွင် ရှေးအစဉ်အလာအတိုင်း အဖွဲ့အစည်းများ သာရေး/ နာရေး၊ ဘာသာရေး/လူမှုရေးမကျန်အစစအရာရာရှေးကနေပြီး ရွတ်ရွတ်ချွန်ချွန်ဦးဆောင်ပြီးမှ ရပ်ရွာကျက်သရေ၊ ရပ်ရွာတိုးတက်ဖွံ့ဖြိုးရေးမပျက်စီးရအောင် ထိန်းသိမ်းစောင့်ရှောက် လျှက်ရှိပါသည်။ ကျန်းမာရေးအခြေအနေကတော့ ၄င်္ဂဖျားများ တစ်ခါ တစ်ရံတွင် ဖြစ်တတ်ကြပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ။ ။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေ အထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ ကျေးရွာတွင် အဓိကကျသောအဖွဲ့အစည်းများ မှာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းဖွံ့ဖြိုးရေး ကော်မတီ၊ လျှပ်စစ်မီးလင်းရေးကော်မတီ၊ အမျိုးသားအမျိုးသမီးလူငယ်အဖွဲ့နှင့် အမျိုးသမီးဝတ်ရွတ် အသင်းများစသည်ဖြင့်(၇)ဖွဲ့သတ်မှတ်နိုင်သည်။ သို့သော်အဖွဲ့အစည်းများမှာ ရံဖန်ရံခါမှသာလည်ပတ် သောသဘောရှိသည်။ တောနေ လူထုပီပီ တစ်ဦးဒုက္ခရောက်သည်ကို ဝိုင်းဝန်းကူညီလိုသောစိတ်များ ရှိကြသည်။ ဥပမာ-လူ တစ်ယောက်ပိုးထိ၍အရေးတကြီးဖြစ်နေချိန်တွင် ရွာသားအားလုံးကပင် နာရေးကူညီမှုအဖွဲ့ အစည်းသဖွယ်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။ လမ်းတံတားကိစ္စများ ကိုလည်း ရပ်ရွာအင်အားနှင့်ဆောင်ရွက်ရန်ပေါ်ပေါက်လာပါက အားစိုက်ဆောင်ရွက်တတ်ကြသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့ဇီးဖြူကုန်း ရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အိမ်ထောင်စုပေါင်း(၁၀၂)အိမ်ရှိပြီး မြေမဲ့ယာမဲ့(၂၃)စု၊ ၂.၅ ဧကအောက်

(၂၆)စု၊ ၂.၅ ဧကမှ ၅ ဧကကား(၁၆)စု၊ ၅ ဧကမှ ၁၂.၅ဧကကြား (၃၅)စုရှိသည်။ ၁၂.၅ ဧကအထက်ပိုင်ဆိုင်သူအိမ်ထောင်စုမရှိပါ။

ကျွန်တော်တို့ဇီးဖြူကုန်းရွာ၏ ရေအရင်းမြစ်မှာ မိုးရေကိုအဓိကထားကာစပါးကိုအဓိ ကစိုက်ပျိုးကြသည်။ နွေရာသီစိုက်ပျိုးနိုင်အောင်ရေအရင်းအမြစ်မရှိပါ။ သို့သော်ချောင်းဘေး တိုင်းတွင်အခင်း ငယ်လေးများစိုက်ပျိုးနိုင်ကြသည်။

ကျွန်တော်တို့ရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး တစ်ဧကတင်း(၅၀)မှ(၈၀) အထိထွက်ရှိသည်ဟုခန့်မှန်းရသည်။ စိုက်ပျိုးမြေ၊ တောင်သူလယ်သမားများ၏ကျွမ်းကျင်မှု ရာသီဥတု အခြေအနေစသည်တို့အပေါ်မူတည်ကာ စပါးအတွက်နှုန်းမှာ တစ်နှစ်နှင့်တစ်နှစ်မတူညီပါ။ ထပ်တ ရာနှမ်း၊ ပန်းနှမ်းစသည်တို့ကို လည်းတစ်နိုင်စိုက်ပျိုးကြပါသည်။ အိမ်တွင် သုံးသောဆီများသည် ကျေးရွာမှထွက်သောဆီသန့်များကို သုံးနေသူများသည်။ နှမ်းအထွက် နှုန်းမှာ ခန့်မှန်း တစ်ဧက (၆)တင်းအနည်းဆုံးထွက်ပြီး မြေဩဇာရှိလျှင်မူအလွန်ဆုံး(၁၀)တင်း အထိထွက်နိုင်ပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကိုယ်ပိုင် ကျွဲ၊ နွားများကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင်လက်တွန်းထွန်စက်(၁၀)စီးရှိပါသည်။ ခြွေလှေ့ စက်(၂)လုံး၊ ရေစုပ်စက်(၁၉)လုံးနှင့် မြက်ရိတ်စက်အလုံး(၂၀)ရှိသည်။ စက်အားလုံးမှာ တစ်ဦးချင်းပိုင်ပစ္စည်းများဖြစ်ကြသည်။ ကျွန်တော်တို့ရွာ၏ ရေ၊မြေရာသီဥတုသည် သင့်တင့်မျှတမှုရှိသည်။ လူဦးရေတိုး တက်လာသည်နှင့် အမျှလုပ်ကိုင်စားသောက်ရန်မြေလိုအပ်မှု ဖြစ်ပေါ်သည့်အတွက် တောများ ခုတ်ထွင်ကာတိုးချဲ့နေ ကြသည်။ မိုးရေသည်သာအဓိကဖြစ်ပြီး စိုက်ပျိုးစရိတ်ချေးငွေကိုလည်း အားထားထုတ်ယူကြသည်။ ကျေးရွာတွင်ချောင်းရှိသဖြင့် ထိုချောင်း၏ဘေးတစ်ဘက်စီတွင် သီးပင်စားပင်များစိုက်ပျိုးကြသည်။ ငွေအရင်းအနှီးမရှိသောကြောင့် လုပ်ငန်းကိုချဲ့ထွင်နိုင် ကြခြင်းမရှိပါ။

မြေယာတိုးချဲ့နိုင်သောလယ်မှာ အနည်းငယ်ရှိသည်။ တောတောင်များကိုခုတ်ထွင်ကာ နှမ်းစိုက်ပျိုး ခြင်းကိုအများဆုံးတွေ့ရသည်။ သစ်တောပြုန်းတီးမှု မှာအရှိန်အဟုန်ဖြင့်ဖြစ်ပေါ်လျက်ရှိပြီး ရာသီဥတု အပေါ်ဆိုးကျိုးများသက်ရောက်လာနိုင်သည်။ နွေရာသီစိုက်ပျိုးသီးနှံမရှိတောကြောင့် လူငယ်များ အလုပ်လက်မဲ့လျှက်ရှိကြပြီး ဝင်ငွေပိတ်သောကြောင့် ညိုးငယ်စွာနေရမှုများဖြစ်ပေါ်သည်။ လုပ်သား အင်အားအလုံအလောက်ဖြင့် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကိုလုပ်ကိုင်နေသောရွာဖြစ် ပါသည်။

ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ ယခုအခါတွင်မွေးမြူရေးကိုပိုမိုလုပ်ကိုင်လာကြသည်။ ဝက်ကိုစိတ်ဝင်တစား မွေးကြသည်။ သမာအာဇီဝကျသောအသက်မွေးမှုမဟုတ်မှန်းသိကြသော်လည်းမျက်မှောက် ခေတ်၏အနေအထား အရမပြေလည်မှုများ၊ ကြွေးမြီထူပြောမှုများရှိနေရာ သူများအသက်ကို ပင်မိမိတို့သားသမီးများဘွဲ့ရ သည်အထိပညာသင်နိုင်အောင်အသုံးပြုနေကြရပါသည်။ နွား(၁၁၁)၊ ကျွဲ(၃၄၂)ကောင်၊ ဝက်(၁၄၁) ကောင်၊ ကြက်(၂၅)ကောင်စာရင်းအရသိရသည်။

ကျွန်တော်တို့ရွာတွင် ကျွဲ၊ နွားစားကျက်မြေအသင့်အသင့်ရှိသည်။ ချောင်းရေကိုအား ထားကာ ကျွဲ၊ နွားများမွေးကြခြင်းဖြစ်သည်။ ချေးငွေလိုအပ်သူများသည်ငွေတိုးပေးသူများထံ သွားရောက်ထုတ်ယူကြသည်။ ကျေးရွာမှထွက်ရှိသောစပါး၊ နှမ်းစသောထုတ်ကုန်များကို ရောင်းချနိုင်သည်။ ဝက်များကိုစပ်စာနှင့်မွေးလာကြသည်။ အိမ်တိုင်းတွင်ဝက်မွေးမြူရန်မြေ အနေအထားအသင့်အသင့် လုံလောက်မှုရှိသည်။ ကျန်သောငါး၊ ပုဇွန်စသည့် မွေးမြူရန်ရေခံကောင်းကောင်းမရှိပါ။

ကျွန်တော်တို့ဇီးဖြူကုန်းရွာတွင် မွေးမြူရေးသည်ရွာ၏အဓိကကျသောလုပ်ငန်းမဟုတ်ပါ။ တစ်နိုင်တစ်ပိုင်ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့မွေးမြူနေရုံမျှသာဖြစ်သည်။ စားကျက်မြေလုံးဝမရှိ သည် တော့မဟုတ်ပါ။ မရှိသည်မှာ အရင်းအနှီးပင်ဖြစ်သည်။ ဝက်မွေးမြူသူများအတွက်မူ နွေရာသီတွင် ရေအခက်အခဲဖြစ်ပေါ်နိုင်ပါသည်။ မြစိမ်းရောင်ချေးငွေရရှိကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် လုပ်သားအင်အားအသင့်အတင့်ရရှိနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု ကြောင့် မိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်း၊ သီးနှံမျိုးစေ့များလွယ်ကူစွာမရရှိနိုင်ခြင်း၊ ကုန်ကြမ်းရရှိနိုင်မှုအခက်အခဲများရှိပါသည်။ လျှပ်စစ်မီးရရှိနိုင်မှုကောင်းမွန်စွာရရှိပါသည်။ လယ်ယာသားငါးကဏ္ဍမှလွဲ၍ ဒေသထွက်ကုန်မရှိသလောက်နည်းပါသည်။ ကျေးရွာသူရွာသားများမှာ ရိုးသားသည်မှ အခြားသောစျေးကွက်ဆိုင်ရာစျေး ကွက်ဆိုင်ရာကျွမ်းကျင်မှုစသည်မရှိလှ။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ကျွန်တော်တို့ဇီးဖြူကုန်းရွာတွင် ရွှေပြောင်းသွာလာလုပ်ကိုင်သောရွှေပြောင်းလုပ်သားများမရှိပါ။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာနှင့် အနီးဆုံးစျေးမှာ ရွာမှလူများသည် စျေးဝယ်ရန်အတွက် ကျောက်တန်းကျေးရွာ သို့သွားကြပါသည်။ ဆိုင်ကယ်ဖြင့်သွားကြသည်။ ပစ္စည်းတော်တော်များများကိုဝယ်ယူရရှိနိုင်သည်။ သာမန်ကျေးရွာလေး ဖြစ်သောကြောင့် စျေးအဆောက်အအုံများကျကျနနမရှိပါ။ မိုင်(၃၀)ကျော်လောက်သွားနိုင်လျှင်မူ ကောလင်းစျေးသို့ရောက်ပြီး ပစ္စည်းစုံနီးပါးဝယ်ယူရရှိနိုင်ပါသည်။ ဝန်ဆောင်မှုမှာအသင့်တင့်ရှိပါ သည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာရှိ တောင်သူလယ်သမားများကို ကျေးရွာသူ/သားများအဓိကချေးယူကြသည်မှာ မြန်မာ့လယ် ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်သည်။ သို့သော်စိုက်ပျိုးချိန်မီမရရှိသဖြင့် အပြင်မှငွေတိုးချေးသူများထံ ၅ကျပ်တိုး၊ ၁၀တိုးစသည်ဖြင့်ချေးယူပြီးမိမိတို့၏ဘဝကိုကျဉ်းကျဉ်းကြပ်ကြပ်ရင်ဆိုင်နေရသူများ တစ်နှစ်ထက်တစ်နှစ်ဖြစ်ပေါ်လာနေသည်။ ဆွေမျိုးများလည်းပြေလည်သူနည်းပြီး ကြွက်ဝမ်းဖြူကယ်ပါလား---မဟားတယား ဆိုသကဲ့သို့ကျေးရွားနေပြည်သူများ၏လူမှုစီးပွားဘဝမှာ ဟာသသဖွယ်ဖြစ်နေသည်။ သေရေးရှင်ရေးကိစ္စများဖြစ်ပေါ်လယ်ယာမြေများရောင်းချကြရ သည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာသည် မြေသြဇာအသင့်အတင့်ကောင်းမွန်ပြီး စိုက်ပျိုးဖြစ်ထွန်းနိုင် သောအခြေအနေရှိသည်။ နဂါးမောက် စမ်းသပ်စိုက်ပျိုးရာ အောင်မြင်နိုင်မှန်းသိကြသော် လည်း ငွေအရင်းအနှီးမရှိသည့်အချက်ကရှေ့ဆက် သွားမည့်လမ်းမှန်သမျှကိုပိတ်ပင်ထားသည်။ ဖျက်ပိုးအန္တရာယ်ကြီးကြီးမားမားမရှိပါ။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမရှိပဲ ကြုံသလို စွန့်ပစ်ကြသည်ကိုတွေ့ရပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ ဇီးဖြူကုန်းရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး စာမတတ်သူ အနည်းငယ်ရှိပါ သည်။ ခြေလျင်တက် ရောက်နိုင်ပြီး ကျောင်းအဆောက်အဦးမှာ ဆက်လက်ဆောက်လုပ်ခြင်းမရှိပါ။ အိမ်သာအခြေအနေ ကောင်းမွန်သင့်တင့်မှုရှိသည်။ အစိုးရခန့်ဆရာအင်အား(၅)ဦးရှိသဖြင့် သင်ကြားရေးတွင် များစွာအခက်အခဲရှိနေသည်။ ကျောင်းသားအများစုမှာ(၇)တန်း အောင်လျှင်ထွက်ကြသူများပါသည်။ ကျောင်းနေလျှင်ငွေကုန်သည်။ အလုပ်အကိုင်လည်း မရှိသလောက်ရှားပါ သည်။ မိဘဆရာအ သင်း၏အခန်းကဏ္ဍမှာ အသင့်အတင့်သာရှိပါသည်။ ရောဂါထူပြောခြင်းမရှိဘဲ သာမန်ဖြစ်ရိုး ဖြစ်စဉ်ဖျားနာများကိုသာအနည်းငယ်တွေ့ရတတ်သည်။ ကိုယ်လက်လှုပ်ရှားဝမ်းစာရှာနေရသည် ပင်ကျေးရွာသူ၊ ကျေးရွာသားများအားကျန်းမာသန်စွမ်းစေပါသည်။ အာဟာရချို့တဲ့မှုလည်းမရှိပါ။ ကူးစက် ရောဂါများလည်းလုံးဝမရှိပါ။ ကျေးလက်သားဖွားဆရာမရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအားလိုအပ်သောကာကွယ်ဆေးများထိုးနှံပေးပါသည်။ ရွာသူရွာသားများသည် သာမန်ဖျားနာများအတွက် ရွာထဲရှိစေတနာ့ဝန်ထမ်း(၁)ဦးထံဆေးကုသမှုခံယူကြသည်မှာ နှစ်အတန် ကြာပြီဖြစ်ရာအားလုံးကယုံကြည်အားကိုးနေကြပါပြီ။

သောက်သုံးရေအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး စနစ်တကျစစ်ဆေးထားခြင်းမရှိပါ။ သောက်ရေအတွက် အုတ်ရေတွင်း၊ ပိုက်တွင်းများကိုအသုံးပြုကြပါသည်။ ချိုးရေအတွက်ချောင်းရေ ကိုသုံးစွဲကြပြီး နွေရာသီတွင်ရေပြတ်လပ်သည်ကိုတွေ့ရှိရပါသည်။

ယင်လုံအိမ်သာကိုတစ်ရွာလုံးနီးပါးသုံးစွဲကြပြီး သန့်ရှင်းရေးအားနည်းမှုရှိပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာ၏ ရွာတွင်လမ်းမှာ သာမန်မြေသား လမ်းဖြစ်သည်။ ရွာ၏တောင် ဘက်သို့(၁)မိုင်ကျော်ကျော်လောက်ထွက်လျှင်မူ ကတ္တရာလမ်းရှိသည်။ ကျေးရွာချင်းဆက် လမ်းလမ်းမြေသားလမ်းဖြစ်သည်။ မိုးတွင်းဆိုလျှင် ရွာထဲသို့မည်သည့်ဆိုင်ကယ်၊ မည်သည့် ကားမျှဝင်၍မရပါ။ ထို့ကြောင့်လည်း တံတားတစ်စင်း လိုအပ်နေသည်။ မသေခင်မြင် ရတတ်ဦး မလားဟုအားလုံးကမျှော်လင့်နေသည်။ တံတားမရှိပါ။ အဝတ်မရှိသောသူတိုးတက်မှု မရှိသကဲ့သို့ တံတားမရှိသည့်အချက်ကရပ်ရွာ၏တိုးတက်ရေးကို ဟန့်တားထားသည်။ ကိုယ်ထူ ကိုယ်ထ ကြိုးစားပြီး တံတားတစ်စင်းယခင်ကတည်ဆောက်ခဲ့ဘူး သည်။ (၄၀)%လောက် ဆောင်ရွက် နေစဉ်မှာပင် အစိုးရမှကြိုးတံတားချပေးမည်ဟုဆိုသောကြောင့် အစီအစဉ်တစ်မျိုး ပြောင်းသွားပြီး ကြိုးတံတားတည်ဆောက်ရန်ပြင်ဆင်ခဲ့သည်။ သို့သော်တို့လို့တန်း လမ်းနှင့် ရပ်ဆိုင်း ထားရသည်။ ကြိုးမချပေးနိုင်သလိုလိုနည်းပညာမပေးနိုင်သလိုလိုနှင့် ယခုတိုင် တံတားငုတ်တိုင်

များသာရှိပြီးဆက်လက်လုပ်ဆောင်မှုမရှိတော့ပါး။ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှု အများအားဖြင့် ဆိုင်ကယ်နှင့်သယ်ယူပို့ဆောင်ကြရသည်။ ကားဝယ်နိုင်သူနည်းသည်။ စာရင်းအရ ဆိုင်ကယ်(၆၅)စီး၊ စက်ဘီး(၄)စီး၊ ထော်လာကျီ(၃)စီး၊ ကား(၃)စီး၊ လှည်း(၆၉)စီးရှိသည်ကို သိရှိရပါသည်။

အိမ်တိုင်းလျှပ်စစ်မီးယူနိုင်ကြပါသည်။ အနည်းငယ်သာဆိုလာ စနစ်နှင့်မီးထွန်းနေရခြင်းဖြစ်သည်။ အခက်ခဲမရှိပါ။

လူငယ်တိုင်းဖုန်းကိုင်နေသောခေတ်တွင်ကျေးရွာရှိလူငယ်များ လည်း ကိုယ်စီဖုန်းကိုင်နေကြပါသည်။ သတင်းအချက်အလက်ထက်မတော်သရော်စိတ်က လေးတွေဖြစ်ပေါ်စေကာ ကာမဆန္ဒနိဝရနတရား များတဖြည်းဖြည်းလွှမ်းမိုးနေသောခေတ်ဖြစ် ပါသည်။ ဖုန်း(၃၅)လုံး၊ ရေဒီယို(၂၀)လုံး၊ တီဗွီ(၄၇)လုံး၊ စလောင်း(၄၇)ခုအသီးသီးစာရင်းရ ရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာတွင် လူငယ်မောင်မယ် များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ လူငယ်များသည်ရပ်ရွာနှင့် ယှဉ်လာသောကိစ္စရပ်များတွင် တတ်စွမ်းသရွေ့ပါဝင်ကူညီကြသည်။ ဘာသာရေးအနေနှင့်မူ မိန်းမပျိုလေးများလောက်သာ ပရိတ်ရွတ်ခြင်း၊ မမ္မစကြာရွတ်ခြင်း စသည်တို့ရှိသည်။ အားကစားတွင်မူ ယောကျ်ားလေးများကတ ဖန်သာလွန်ကာ ဘောလုံး၊ ခြင်းဝိုင်း၊ ပိုက်ကျော်ခြင်းစသည်များကို အခါအားလျော်စွာဆော့ကစားကြသည်။ ကျေးရွာစာကြည့်တိုက် မရှိသေးပါ။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ဇီးဖြူကုန်းရွာ၏ လုံခြုံရေး အခြေအနေမှာ တယ်လီဖုန်း၊ လျှပ်စစ်မီး၊ ရုပ်မြင်သံကြား၊ ရေဒီယိုအားလုံးရှိပါ သည်။ သတင်းစာ၊ ဂျာနယ်မရောက်ပါ။ လူကြီးများသည်အင်တာနက်မသုံးသူများသဖြင့် နိုင် ငံတကာနှင့်ယှဉ်သော သတင်း၊ ပြည်တွင်းသတင်းစသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့်မသိကြ ပါ ။ ရုပ်မြင်သံကြားမှလာသော သတင်းအနုအရွှများကိုသာသိကြပြီး MRTV/MWD တို့မှမကြေညာဘဲချန်လှပ်ထားသော အကြမ်း ဖက်မှုနှင့်ပတ်သက်သည့်သတင်းများကိုကျယ် ပြန့်စွာသဘောမထားကြပါ။

ကျွန်တော်တို့နေထိုင်နေစဉ် တစ်သက်လုံးဘာမှုခင်းမှအကြီးအ ကျယ်ထိတ်လန့်ဖွယ်မရှိခဲ့ပါ။ သာမန် ဖြစ်ရိုးဖြစ်စဉ်လောက်သာရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါ သည်။ လယ်ယာမြေများထပ်မံဖော်ထုတ်နိုင်ပါသည်။ လယ်ယာသုံးစက်ကိရိယာများလည်းကျေးရွာတွင် အ သင့်အတင့်ရှိပါသည်။ ကျေးရွာတွင်တောင်ကျချောင်းရှိသဖြင့် စိုက်ပျိုးရေအရင်းအမြစ်ရရှိနိုင် ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးသဲကောင်းများလည်းရရှိနိုင်ပါသည်။ စားကျက်မြေများ၊ နွားစားများ အတန်အသင့်ပေါများသဖြင့် ကျွဲ၊ နွား၊ ဝက်များကိုလည်း တိုးချဲ့မွေးမြူနိုင်ပါသည်။ ဥယျာဉ်ခြံမြေ များအနည်းငယ်ရှိပါသည်။ နဂါးမောက်စိုက် ပျိုးရေးစမ်းသပ်ဖြစ်ထွန်းသဖြင့် စိုက်ပျိုးရေးခြံလုပ်ငန်း

အောင်မြင်နိုင်ပါသည်။ ကျယ်ပြန့်သောသစ်တောရှိသဖြင့် သစ်အမျိုးမျိုး၊ ဝါးအမျိုးမျိုးပေါများပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ။ ။ ကျေးရွာတွင်ရှိသောချောင်းမှာ လယ်ယာမြေထက်နိမ့်ဆင်းသွားသဖြင့် ရေသိုလှောင်နိုင်ခြင်းမရှိဘဲ မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ မိုးရာသီတွင် ချောင်းရေကြီးခြင်းမကြာခဏ ဖြစ်တတ်ပြီး နွေရာသီတွင်ရွာတွင်းလမ်းမှာ ဖုန်များထူထပ်လျှပ်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ ချောင်းကူးတံတားမရှိခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ စျေးကွက်သို့ မတင်ပို့နိုင်ကြပါ ။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစုဝင်ငွေတိုးလာစေရမည်။

က၊၂) ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြင့် ကျောင်းနေပျော်ရွှင်စာတော်သောပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်၊ ပြည့်စုံအောင် ဆောင်ရွက်စေရမည်။

က၊၃) အခြေခံအဆောက်အဦးများဖြစ်သည့် လမ်းတံတားတည်ဆောက်ရေးစသည့်ဖြင့် လက်လှမ်းမီတိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို

အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ ဥယျာဉ်ခြံမြေများရှိသဖြင့်ဝါးစိုက်ခင်းများ၊
နဂါးမောက်သီးစိုက်ခင်းများဖော်ထုတ်ဆောင်ရွက်သွားမည်။

(၂)မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် ဝက်ကြက်မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားပါ မည်။

(၃) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ဆောက်လုပ်ဆဲကျောင်းဆောင်အားပြီးစီးအောင် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း ပြုလုပ်သွားမည်။
(၄)ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းရောင်းဝယ်သွားလာရေးအတွက် ကျေးရွာရှိချောင်းကူးတံတားတည်ဆောက်ခြင်း၊ ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း ဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်

အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ ချောင်းကူးတံတားတည်ဆောက်ခြင်း၊ ၂။ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း	၁၆၅	၁		
၂။ ပညာရေး	၃။ ဆောက်လုပ်ဆဲကျောင်းဆောင်အား ပြီးစီးအောင် ဆောက်လုပ်ခြင်း ၄။လုံလောက်သော ဆရာ ဦးရေရရှိစေခြင်း	၁၂၉	၂		
၃။ စိုက်ပျိုးရေး	၅။ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြု နည်းများစသောစိုက်ပျိုးရေးနည်းပညာများပေးခြင်း	၁၁၆	၃		
	၆။ ဝါးစိုက်ခင်းများ၊ နဂါးမောက်သီးစိုက်ခင်းများဖော်ထုတ် ဆောင်ရွက်ခြင်း ၇။ မျိုးကောင်းမျိုးသန့် များ ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း	၁၁၃	၄		
၄။ မွေးမြူရေး	၈။ ဝက်ကြက်မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန်နည်းပညာသင်တန်းပေးခြင်း	၇၉	၅		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • ချောင်းကူးတံတားတည်ဆောက်ခြင်း • ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်း ဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း	၁	✓	✓			
၂	ဆောက်လုပ်ဆဲကျောင်းဆောင်အား ပြီးစီးအောင် ဆောက်လုပ်ခြင်း	၂		✓			
၃	လုံလောက်သော ဆရာ ဦးရေရရှိရန် ဆောင်ရွက်ခြင်း	၃	✓				
၄	စိုက်ပျိုးရေးနည်းပညာဆောင်ရွက်ပေးခြင်း • ခေတ်မီစိုက်ပျိုးရေးနည်းပညာပေးခြင်း • မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်းနည်းပညာ • ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းပညာ • မြေဆီလွှာနှင့်မြေဩဇာအသုံး ပြုနည်းများစသောစိုက်ပျိုးရေးနည်းပညာများပေးခြင်း	၄	✓	✓			
၅	စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ခြင်း • ဝါးစိုက်ခင်းများ များဖော်ထုတ် ဆောင်ရွက်ခြင်း • နဂါးမောက်သီးစိုက်ခင်းများဖော်ထုတ် ဆောင်ရွက်ခြင်း	၅					
၆	မွေးမြူရေးနည်းပညာဆောင်ရွက်ပေးခြင်း • ဝက်ကြက်မွေးမြူရေးလုပ်ငန်းများအတွက်အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး၊ကုသဆေးများလက်လှမ်းမီရန်မွေးမြူရေးနည်းပညာသင်တန်းများပို့ချခြင်း • မျိုးကောင်းမျိုးသန့် များ ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း	၆	✓	✓			

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • ချောင်းကူးတံတားတည်ေဆာက်ခြင်း • ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်း ဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း			✓		
၂	ဆောက်လုပ်ဆဲကျောင်းဆောင်အား ပြီးစီးအောင် ဆောက်လုပ်ခြင်း			✓		
၃	လုံလောက်သော ဆရာဦးရေရရှိရန် ဆောင် ရွက်ခြင်း					
၄	စိုက်ပျိုးရေးနည်းပညာဆောင်ရွက်ပေးခြင်း • ခေတ်မီစိုက်ပျိုးရေးနည်းပညာပေးခြင်း • မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်းနည်းပညာ • ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းပညာ • မြေဆီလွှာနှင့်မြေဩဇာအသုံး ပြု နည်းများစသောစိုက်ပျိုးရေးနည်းပညာ များပေးခြင်း			✓		

၅	စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ခြင်း • ဝါးစိုက်ခင်းများများဖော်ထုတ်ဆောင်ရွက်ခြင်း • နဂါးမောက်သီးစိုက်ခင်းများဖော်ထုတ်ဆောင်ရွက်ခြင်း				✓	
၆	မွေးမြူရေးနည်းပညာဆောင်ရွက်ပေးခြင်း • ဝက်ကြက်မွေးမြူရေးလုပ်ငန်းများအတွက်အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး၊ကုသဆေးများလက်လှမ်းမီရန်မွေးမြူရေးနည်းပညာသင်တန်းများပို့ချခြင်း • မျိုးကောင်းမျိုးသန့် များဝယ်ယူသုံးစွဲ နိုင်ရန် ဆောင်ရွက်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော

အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

